## မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀) အောက်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀) ပါ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်အရာထမ်းများ ကျွမ်းကျင်မှုအခြေပြု လုပ်ငန်းတာဝန်သတ်မှတ်ချက် (Competency-based on Job Descriptions for Senior Officials of the Civil Service) စာတမ်း(မြန်မာ)ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး ယင်းစာတမ်းအား မိုငြိမ်းကိုးကား၍ မိမိဌာန၏ လုပ်ငန်းသဘာဝနှင့်အညီ ဆီလျော်သလို ပြောင်းလဲရေးဆွဲအသုံးပြုနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ၁၈-၅-၂၀၂၀ ရက်နေ့တွင် ဖြန့်ဝေပေးပို့ပြီးဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်/အမြဲတမ်းအတွင်းဝန် အဆင့်တူရာထူးအဆင့်အလိုက် အရာထမ်းများ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ (Job Descriptions) ကို ၁၁-၉-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ဦးစီးအရာရှိ အဆင့်မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်ထိ အရာထမ်းများ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ (Job Descriptions) ကို ၂၂-၂-၂၀၂၃ ရက်နေ့တွင်လည်းကောင်း ရေးဆွဲ၍ အတည်ပြုထားပြီးဖြစ်ပါသည်။

(ခ ) နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်စီမံခန့်ခွဲမှုအရာထမ်းခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Senior Executive Leadership Development Scheme-SELDS) စာတမ်း (မြန်မာ) ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး ယင်းစာတမ်းအား မိုငြိမ်းကိုးကား၍ မိမိဌာန၏ လုပ်ငန်းသဘာဝနှင့်အညီ ဆီလျော်သလို ပြောင်းလဲရေးဆွဲအသုံးပြုနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ၂-၆-၂၀၂၀ ရက်နေ့တွင် ဖြန့်ဝေပေးပို့ပြီးဖြစ်ပါသည်။

#

(ဂ ) အစိုးရဝန်ဆောင်မှုများအပေါ် ပြည်သူများ၏ သဘောထားအမြင်စစ်တမ်း (Public Perception Survey of Government Services–PPSoGS) ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်စီမံမှု၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၏ နည်းပညာပံ့ပိုးမှုနှင့် UNDP ၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အိမ်ထောင်စု (၂၅၂၀) သို့ စစ်တမ်းကောက်ယူခဲ့သည့် အစီရင်ခံစာ (မြန်မာ/အင်္ဂလိပ်)ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ရာ ၁၉–၃–၂၀၂၀ ရက်စွဲပါအမှာစာဖြင့် ခွင့်ပြုခဲ့သောကြောင့် အာဆီယံနိုင်ငံများအပါအဝင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေနိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)နှင့် ညှိနှိုင်းဆောင်ရွက်ထားရှိပါသည်။

(ဃ) ပြန်တမ်းဝင်အရာရှိအဆင့် (ဦးစီးအရာရှိနှင့် အဆင့်တူရာထူး)သို့ တိုးမြှင့်ခန့်ထားမည့် ဝန်ထမ်းများအတွက် ရလဒ်ကိုအခြေခံသည့် စွမ်းဆောင်ရည်အကဲဖြတ်စနစ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၂၀)သို့ တင်ပြခဲ့ရာ သဘောတူခွင့်ပြုသောကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၈/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ စည်ပင်သာယာရေးကော်မတီရုံးသို့ ဖြန့်ဝေခဲ့ပါသည်။

(င ) နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ (Ethical Values for Civil Service Personnel) (မြန်မာ/အင်္ဂလိပ်)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြခဲ့ရာ သဘောတူခွင့်ပြုသောကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၄၃ / ၂၀၂၁ ဖြင့် ထုတ်ပြန်ခဲ့ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအားလုံးသို့ ဖြန့်ဝေခဲ့ပါသည်။